# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၇/ ၂၀၂၄)    ၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၃) ရက်

| ၁၃ – ၆ – ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၆၉.၄ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၆.၇ |
| စတာလင်ပေါင် | ၂,၆၈၄.၉ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၃၇.၅ |
| တရုတ်ယွမ် | ၂၈၉.၆၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉၁ |
| အိန္ဒိယရူပီး | ၂၅.၁၃၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၈၃ |
| မလေးရှား ရင်းဂစ် | ၄၄၆.၀၅ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၀၃ |
| ထိုင်းဘတ် | ၅၇.၃၆၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၅၄၆ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရုရှားနိုင်ငံမှ ဆန်တင်ပို့မှုတားမြစ်ချက်ကို ၂၀၂၄ နှစ်ကုန်အထိ သက်တမ်းတိုးရန် စိုက်ပျိုးရေးဝန်ကြီးဌာနက အဆိုပြုထား

➢ ရုရှားသို့ ဘရာဇီးကော်ဖီတင်ပို့မှု စံချိန်တင် တိုးမြင့်

➢ တရုတ်နိုင်ငံနှင့် သစ်သီးကုန်သွယ်မှုသည် ကမ္ဘောဒီးယားသို့ အခွင့်အလမ်းကောင်းများ သယ်ဆောင်လာ

➢ တရုတ်နိုင်ငံသို့ တင်ပို့မှု မြင့်တက်လာခြင်းကြောင့် ကမ္ဘာ့တစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှု မြင့်တက်လာ

➢ တရုတ်နိုင်ငံ၊ ဟိုင်နန်ဒေသထွက် ဒူးရင်းသီးဈေးသည် တစ်ကီလိုလျှင် (၁၆) ဒေါ်လာကျော်ဖြင့် ဈေးတက်လျက်ရှိ

➢ အင်ဒိုနီးရှား၏ ဆီအုန်းကဏ္ဍအတွက် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ခိုင်မာကောင်းမွန် သည့် အဖွဲ့ရှိရန် လိုအပ်

➢ အိန္ဒိယနိုင်ငံသည် မြန်မာ့ပြောင်းကို အကောက်ခွန်လွတ်အစီအစဉ်ဖြင့် စတင် တင်သွင်း

➢ အိန္ဒိယတွင် ကြက်သွန်နီ ဝယ်လိုအားများသော်လည်း ဈေးကွက်ဝင်ရောက်မှုနည်းပါးသဖြင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိ

➢ အိန္ဒိယတွင် စားတော်ပဲတင်သွင်းသူများက ရောင်းချရန် ငြင်းဆိုခြင်းကြောင့် ဈေးကွက်အတွင်း သိုလှောင်ထားရှိမှုအခြေအနေ ဖော်ပြရမည့် စည်းမျဉ်းများအား တင်းကျပ်ထား

- အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေး သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် ၁ ရူပီး ရင်းနှီးမြှုပ်နှံမှုသည် အမြတ်အစွန်းအဖြစ် ၁၃ ရူပီး ပြန်ရရှိနိုင်သည်ဟု NAAS အကြီး အကဲကပြောကြား

- ဂျပန်အစိုးရအနေဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်၍ အခြေခံ စိုက်ပျိုးရေးဥပဒေကို ပြင်ဆင်ပြဌာန်းခဲ့

- မေလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း အနည်းငယ် ဆက်လက် မြင့်တက်ခဲ့ခြင်း

## ▪ အထွေထွေသတင်းများ

- ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၄ လတာကာလအတွင်း ၁၈.၈ ရာခိုင်နှုန်းအထိ တိုးတက်

- တရုတ်မော်တော်ကားများသည် ကမ္ဘာ့ဝယ်လိုအားကို ဖြည့်ဆည်းရန် ကြိုး ပမ်းနေကြ

- အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းခရီးသွားလုပ်ငန်းများအတွက် တရုတ် ဈေးကွက်ကို မျက်စိကျနေ

- ကုန်စည်တင် လျှပ်စစ်သုံးယာဉ်ကြီးများအတွက် ရည်ရွယ်သည့် ဘက်ထရီ လဲလှယ်ခြင်း၊ ရွှေ့လျားအားသွင်းခြင်းများအတွက် စမ်းသပ်မှုများစတင် ဆောင်ရွက်မည့် စင်ကာပူနိုင်ငံ

## ရုရှားနိုင်ငံမှ ဆန်တင်ပို့မှုတားမြစ်ချက်ကို ၂၀၂၄ နှစ်ကုန်အထိ သက်တမ်းတိုးရန် စိုက်ပျိုးရေးဝန်ကြီးဌာနက အဆိုပြုထား

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ရုရှားနိုင်ငံမှ ဆန်နှင့် ဆန်စပါးများ တင်ပို့မှုတားမြစ်ချက်အား သက်တမ်းတိုးရန် အဆိုပြုထားကြောင်း ၎င်းသက်ဆိုင်ရာဥပဒေမူကြမ်းကို အစိုးရ၏တရားဝင် Website ပေါ်တွင် ဖော်ပြထားပါသည်။

ရုရှားတွင် ဆန်နှင့် ဆန်စပါးတင်ပို့မှု ယာယီတားမြစ်ချက်ကို Kuban ဒေသရှိ Fedorovsky ရေအားလျှပ်စစ်စက်ရုံ မတော်တဆမှုဖြစ်ပွားပြီးနောက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် စတင်ခဲ့ပြီး ပို့ကုန်ကန့်သတ်ချက်အား ၆ လတစ်ကြိမ် ပုံမှန်သက်တမ်းတိုးခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်အထိ သက်တမ်းရှိခဲ့သည်။ ယခုအခါ ယင်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဝန်ကြီးဌာနသည် တားမြစ်ချက်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ခြောက်လသက်တမ်းတိုးရန် အဆိုပြုထားခြင်းဖြစ်ပါသည်။

အဆိုပါတားမြစ်ချက်သည် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုရရှိစေရန်၊ နိုင်ငံအတွင်း ဆန်စပါးပြတ်လပ်မှုအန္တရာယ်ကို ရှောင်ရှားရန်နှင့် စားသုံးသူများအတွက် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

တားမြစ်ချက်ဥပဒေမူကြမ်းတွင် ရုရှားမှ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)အဖွဲ့ဝင်နိုင်ငံများနှင့် အစိုးရချင်းသဘောတူညီချက်ဖြင့် အခြားပြည်ပနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် တင်ပို့သည့် ဆန်စပါးများအပေါ် သက်ရောက်မည် မဟုတ်ကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ဆန်စပါးစိုက်ပျိုးဧရိယာ ဟက်တာ ၁၉၀,၀၀၀ ကျော် ရှိခဲ့ပြီး ရိတ်သိမ်းနိုင်မှုမှာ တန်ချိန် ၁.၂ သန်းနီးပါးရှိခဲ့ကြောင်း ရုရှားအမျိုးသားဆန်စပါး သမဂ္ဂ(National Rice Union)၏ အချက်အလက်များအရ သိရှိရပါသည်။ ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဆန်စပါးများသည် ဆန်လုံးတို(short grain rice)သာဖြစ်ပြီး ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာထွက်ရှိသော်လည်း ဆန်လုံးရှည်(Long grain rice)သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20240606/minselkhoz-1951151074.html

Agribusiness & Trade

## ရုရှားသို့ ဘရာဇီးကော်ဖီတင်ပို့မှု စံချိန်တင် တိုးမြင့်

ဘရာဇီးနိုင်ငံသည် မေလတွင် ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့မှု (၅) ဆနီးပါး တိုးမြင့်ခဲ့ပြီး စံချိန်တင် အမေရိကန်ဒေါ်လာ ၂၆ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီမှ မေလအထိ ရုရှားသို့ ဘရာဇီးကော်ဖီတင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၆၅.၂ သန်းအထိ ရောက်ရှိခဲ့ပြီး ယင်းပမာဏသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံပိုများကြောင်း ဘရာဇီးအကောက်ခွန်အချက်အလက်များက ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ဘရာဇီးသည် ရုရှားသို့ ကော်ဖီတန်ချိန် ၄၉,၀၀၀ တင်ပို့ခဲ့ပြီး ဒုတိယအများဆုံး ကော်ဖီတင်ပို့သူဖြစ်ခဲ့သည်။ ဗီယက်နမ်သည် တန်ချိန် ၆၉,၀၀၀ ဖြင့် ရုရှားသို့ ကော်ဖီအများဆုံးတင်ပို့သူဖြစ်ကာ အင်ဒိုနီးရှားသည် တန်ချိန် ၂၈,၀၀၀ ဖြင့် တတိယနေရာကို ရရှိထားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီး Mr. Rodrigo de Lima Baena Soares က ရုရှားနိုင်ငံသို့ ဘရာဇီးကော်ဖီတင်ပို့မှုသည် ၂၀ ရာခိုင်နှုန်းတိုးလာရန် မျှော်လင့်ထားကြောင်း RIA သတင်းဌာနသို့ အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဘရာဇီးနှင့် ရုရှားကြား ကော်ဖီကုန်သွယ်မှုသည် ပိုမိုကြီးမားသော စီးပွားရေး ဆက်ဆံရေးတစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် စံချိန်တင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံအထိ ရှိခဲ့သည်။ ကော်ဖီအပြင် ဘရာဇီးသည် ပဲပိစပ်ထွက်ကုန်များ၊ အမဲသားနှင့် ကြက်သားများကို ရုရှားသို့ တင်ပို့လျက်ရှိပြီး ဓာတ်မြေသြဇာနှင့် ဒီဇယ်လောင်စာဆီများကို ရုရှားမှ တင်သွင်းလျက်ရှိသည်။

ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့်နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိပါသည်။ အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနိုင်ငံသည် ၎င်း၏ ပို့ကုန်၊ သွင်းကုန်၊ ရင်းနှီးမြှုပ်နှံမှုများကို အာရှ-ပစိဖိတ်နိုင်ငံများဘက်သို့ ဦးတည်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကော်ဖီထုတ်ကုန်များ တင်ပို့နိုင်မည့်အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20240610/kofe-1952063497.html

…………………………………………………………………………………………………

## တရုတ်နိုင်ငံနှင့် သစ်သီးကုန်သွယ်မှုသည် ကမ္ဘာ့တစ်ဝန်းသို့ အခွင့်အလမ်းကောင်းများ သယ်ဆောင်လာ

ကမ္ဘာ့အကြီးဆုံး သစ်သီးဈေးကွက်များအနက်မှတစ်ခုဖြစ်သည့် တရုတ်နိုင်ငံသည် ဒူးရင်းသီးမှ ချယ်ရီသီး၊ ကီဝီသီး၊ ထောပတ်သီးအထိ ကြီးထွားလာနေသော ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် လတ်ဆတ်ပြီး အရည်အသွေးမြင့်သစ်သီးများကို တင်သွင်းခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ သစ်သီးစိုက်ပျိုးသည့်တောင်သူများနှင့် ကုန်သည်များအတွက် ကောင်းမွန်သောအခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၆.၈၅) ဘီလီယံရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၁၅)ရာခိုင်နှုန်း တိုးလာကာ စုစုပေါင်းတင်သွင်းမှုပမာဏသည် တန်ချိန် (၇.၅၂၄)သန်းဖြင့် ယခင်နှစ်ထက်(၃)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ၎င်းတို့အနက် လတ်လတ်ဆတ်ဆတ်ဒူးရင်းသီး တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ (၆.၇၂)ဘီလီယံအထိရှိခဲ့ပြီး (၆၆)ရာခိုင်နှုန်းအထိ သိသိသာသာမြင့်တက်လာကာ ဒူးရင်းသီးသည် တရုတ်နိုင်ငံ၏ တင်သွင်းမှုအများဆုံးသစ်သီးဖြစ်လာကြောင်း သိရှိရပါသည်။

ဈေးကွက်ဝင်ရောက်မှုအခြေအနေများ လျှော့ပေါ့ပေးခြင်း၊ အကောက်ခွန်ရှင်းလင်းမှု အဆင်ပြေချောမွေ့စေခြင်းနှင့် နယ်စပ်ဖြတ်ကျော် အအေးခန်းထောက်ပံ့ပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ယခုအခါ တရုတ်စားသုံးသူများသည် ပိုမိုသက်သာသော ဈေးနှုန်းဖြင့် ဒူးရင်းသီးကို ဝယ်ယူစားသုံးနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်ဈေးကွက်သို့ ဗီယက်နမ်နိုင်ငံမှ ဒူးရင်းသီးများ စတင်ဝင်ရောက်လာသော်လည်း ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုကို နှစ်အတန်ကြာ လွှမ်းမိုးထားခဲ့ကြောင်း၊ တရားဝင်အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ ဒူးရင်းသီး လတ်လတ်ဆတ်ဆတ်တန်ချိန် (၁.၄၂၆)သန်းတင်သွင်းခဲ့သည့်အနက် ထိုင်းမှတန်ချိန် (၉၂၉,၀၀၀) နှင့် ဗီယက်နမ်မှ တန်ချိန် (၄၉၃,၀၀၀)တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ ကြီးထွားလာသော ဈေးကွက်ဖိအားများကို ရင်ဆိုင်ရန်အတွက် ထိုင်းဝန်ကြီးချုပ် Srettha Thavisin က ဒူးရင်းသီးမျိုးစိတ်များ ဖွံ့ဖြိုးတိုးတက်မှု၊ ဒူးရင်းသီးအရည်အသွေးထိန်းသိမ်းမှုနှင့် မြန်ဆန်ထိရောက်သော သယ်ယူပို့ဆောင်မှုတို့ဖြင့် ယှဉ်ပြိုင်မှုကို မြှင့်တင်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဈေးကွက်ပြိုင်ဆိုင်မှုသည် ပါဝင်ပတ်သက်သူအားလုံးအတွက် အပြန်အလှန်အကျိုးရှိသော အခြေအနေကို ဖြစ်ပေါ်စေကြောင်း၊ ဗီယက်နမ်ဒူးရင်းသီးများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်လာသဖြင့် တရုတ်စားသုံးသူများသည် ဈေးနှုန်းသက်သာစွာဖြင့် ဒူးရင်းသီးများကို စားသုံးလာနိုင်

Agribusiness & Trade

ကြပြီး ကြီးထွားလာနေသော တရုတ်ဈေးကွက်ကြောင့် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီး တင်ပို့မှု စံချိန်တင်မြင့်မားခဲ့ကြောင်း သိရှိရပါသည်။

စာရင်းဇယားများအရ ၂၀၂၄ ခုနှစ်၊ ပထမလေးလတွင် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီး လတ်လတ်ဆတ်ဆတ် တန်ချိန် (၂၂၅,၀၀၀)ကျော် တင်ပို့ခဲ့ပြီး မေလတွင်လည်း အရှိန်အဟုန်ဖြင့် ဆက်လက်တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် တိုးမြင့်တင်သွင်းလာသော သစ်သီးဝလံများအပေါ် အခွန်လျှော့ချပေးပြီး ဈေးကွက်ဝင်ရောက်ခွင့်ကို ခွင့်ပြုပေးခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံတကာ ကုန်းမြေ-ပင်လယ် ရေကြောင်းကုန်သွယ်ရေးစင်္ကြံသစ်နှင့် တရုတ်-လာအို ရထားလမ်းတို့ကဲ့သို့သော အဓိကစီမံကိန်းများသည် သစ်သီးတင်သွင်းမှုများကို အထောက်အကူဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ပြည်နယ်အဆင့်ဒေသများနှင့် အာဆီယံအဖွဲ့ဝင်များ ပူးပေါင်းတည်ဆောက်ထားသည့် နိုင်ငံတကာကုန်းမြေ-ပင်လယ်ရေကြောင်းကုန်သွယ်ရေးစင်္ကြံ သစ်သည် နိုင်ငံနှင့် ဒေသပေါင်း (၁၂၀)ရှိ ဆိပ်ကမ်းပေါင်း (၄၉၀)အထိ တိုးချဲ့ချိတ်ဆက်ထားပြီးဖြစ်ကြောင်း အဆိုပါစင်္ကြံ၏ အချက်အချာဖြစ်သည့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင့်မြူနီစီပယ်မှ ဇန်နဝါရီလတွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရပါသည်။

လာအိုမြို့တော် ဗီယန်ကျင်းနှင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၊ ကူမင်းမြို့ကို ဆက်သွယ်ထားသည့် တရုတ်-လာအို မီးရထားလမ်းသည် ဧပြီလလယ်ပိုင်းအထိ သွင်းကုန်/ပို့ကုန် တန်ချိန် (၈)သန်းကျော်ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရထားလမ်းမှတစ်ဆင့် ဒူးရင်းသီးတင်သွင်းမှု (၇)ဆကျော် မြင့်တက်လာခဲ့သည်ဟု ကူမင်းအကောက်ခွန်ဌာနက ဧပြီလတွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ချီလီနိုင်ငံမှ ချယ်ရီသီးတန်ချိန် (၂,၀၀၀)ကျော်တင်ဆောင် သည့် ကွန်တိန်နာသင်္ဘောသည် ထန်ကျင်းသို့ ဆိုက်ရောက်ခဲ့ကြောင်း၊ ကီလိုမီတာ (၂၀,၀၀၀) ကျော်ဝေးသော လက်တင်အမေရိက ချယ်ရီသီးများအတွက် ပထမဆုံး တိုက်ရိုက်ပို့ဆောင်ရေး ဝန်ဆောင်မှုအဖြစ် တရုတ်နိုင်ငံမြောက်ပိုင်း ပေကျင်း-ထန်ကျင်း-ဟဲပေဒေသသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့် (၇)နှစ်အတွင်း တရုတ်နိုင်ငံသို့ ချီလီမှ ချယ်ရီသီးတင်ပို့မှုသည် ခန့်မှန်းခြေ တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း (၂၉)ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း၊ ချီလီသစ်သီးဝလံ တင်ပို့သူများအသင်းက ၂၀၂၄ ခုနှစ်၊ ပထမရာသီတွင် ချယ်ရီသီး (၈၅)ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

တရုတ်ဈေးကွက်၏ ဝယ်လိုအား ကြီးထွားလာမှုကြောင့် ချီလီနိုင်ငံ၌ ချယ်ရီစိုက်ဧရိယာ တိုးတက်လာခဲ့ပြီး ဒေသခံတောင်သူများကို အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ချီလီနိုင်ငံ၌ ချယ်ရီစိုက်ဧရိယာစုစုပေါင်း(၃,၂၄၁)ဟက်တာသာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် (၆၁,၅၅၉) ဟက်တာအထိ ကြီးထွားလာခဲ့ကြောင်း ချီလီစိုက်ပျိုးရေးလေ့လာရေးနှင့်မူဝါဒရုံး၏ အချက်အလက်များအရ သိရှိရပါသည်။

အာဆီယံနှင့် လက်တင်အမေရိကအပြင် အာဖရိကသည်လည်း တရုတ်ဖောက်သည်များ၏ အသီးအနှံဝယ်လိုအား ကြီးထွားလာခြင်းကြောင့် အကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံသည် လိမ္မော်သီး၊ ထောပတ်သီးနှင့် horned melons ကဲ့သို့သော အာဖရိကသစ်သီးများအတွက် အကောက်ခွန်ရှင်းလင်းရန် အစိမ်းရောင်လမ်းကြောင်းကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် ကင်ညာတွင် စိုက်ပျိုးထားသော လတ်ဆတ်သော ထောပတ်သီးပထမအသုတ်သည် တရုတ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ကင်ညာသည် တရုတ်နိုင်ငံသို့ လတ်ဆတ်သောထောပတ်သီးများကို ပထမဆုံးတင်ပို့သည့် အာဖရိကနိုင်ငံဖြစ်လာခဲ့ကြောင်းသိရှိရပါသည်။

တရုတ်နိုင်ငံသို့ လတ်ဆတ်သော ထောပတ်သီးများ တင်ပို့ခြင်းသည် ၎င်းတို့၏စီးပွားရေးကို မြှင့်တင်ပေးပြီး လယ်သမားများအပါအဝင် ထောပတ်သီးတန်ဖိုးကွင်းဆက်တစ်လျှောက်လုံးကို အကျိုးရှိစေမည့် ကြီးမားသောလုပ်ဆောင်မှုတစ်ခုဖြစ်သည်ဟု ကင်ညာစက်မှုလက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံခန့်ခွဲရေးအရာရှိချုပ် David Osiany က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ အာဖရိကမှ သစ်သီးများဝင်ရောက်ခြင်းသည် ၎င်း၏လယ်ယာထွက်ကုန် တင်သွင်းသည့် အရင်းအမြစ်များကို ကွဲပြားအောင်ပြုလုပ်ရန် တရုတ်၏ ဆုံးဖြတ်ချက်ကို ပြသခြင်းဖြစ်သည်ဟု Johannesburg ရှိ တောင်အာဖရိကနိုင်ငံတကာရေးရာအင်စတီကျုမှ တရုတ်-အာဖရိကသုတေသီ Lauren Johnston က South China Morning Post သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၌ သစ်သီးဝလံဝယ်လိုအားသည် ဆက်တိုက်တိုးတက်လျက်ရှိသဖြင့် ပြည်ပမှသစ်သီးများကို ဆက်တိုက်တင်သွင်းခွင့်ပြုလျက်ရှိရာ မြန်မာနိုင်ငံမှ ထောပတ်သီး၊ ဒူးရင်းသီးများ တရုတ်နိုင်ငံသို့ တင်သွင်းခွင့် အမြန်ဆုံးရရှိရေးကိုလည်း တွန်းအားပေးဆောင်ရွက်သင့်ပါသည်။

ကောခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://english.news.cn/20240606/146a061d94314b57a85339a68ac4ef12/c.html

Agribusiness & Trade

## တရုတ်နိုင်ငံသို့ တင်ပို့မှု မြင့်တက်လာခြင်းကြောင့် ကမ္ဘာတစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှု မြင့်တက်လာ

ကမ္ဘာ့မက္ကဒေးမီးယားအဖွဲ့မှ မကြာသေးမီက ထုတ်ပြန်ခဲ့သော အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း မက္ကဒေးမီးယားထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာကြောင်း၊ ဩစတြေးလျ၊ ကင်ညာနှင့် ဂွာတီမာလာတို့တွင် ထုတ်လုပ်မှုကျဆင်းနေသော်လည်း မက္ကဒေးမီးယား ထုတ်လုပ်သည့် ကျန်နိုင်ငံများအားလုံး၏ အထွက်နှုန်းသည် (၁၀)% ပိုမိုတိုးတက်လာကြောင်း၊ တစ်ကမ္ဘာလုံးရှိ မက္ကဒေးမီးယားအစေ့အဆန်ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် (၂၉၈,၉၁၄) ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် (၃၁၉,၃၀၆)အထိ တိုးလာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းမက္ကဒေးမီးယားအစေ့ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၆၂,၅၀၀) ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် (၅၆,၀၀၀)သို့ ကျဆင်းသွားသော်လည်း မက္ကဒေးမီးယားတင်သွင်းမှု အထူးသဖြင့် ကင်ညာနိုင်ငံမှ တင်သွင်းမှုသည် လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း၊ တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကင်ညာနိုင်ငံမှ မက္ကဒေးမီးယားအစေ့ တန် (၁၀၀)ခန့်၊ တန်ဖိုးအားဖြင့် တရုတ်ယွမ် (၁.၆၅)သန်း (အမေရိကန်ဒေါ်လာ ၂၂၈,၀၀၀)နှင့် အခွံပါ မက္ကဒေးမီးယား (၂၄၈)တန်၊ ယွမ် (၁၇.၄၅ သန်း)(အမေရိကန်ဒေါ်လာ ၂.၄၁ သန်း)ဖိုး တင်သွင်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မက္ကဒေးမီးယားအစေ့ (၉၄၉)တန်နှင့် အခွံပါ မက္ကဒေးမီးယားအစေ့(၆၀၉) တန်၊ တန်ဖိုးအားဖြင့် စုစုပေါင်း ယွမ် (၇၃.၇၄)သန်း (အမေရိကန်ဒေါ်လာ ၁၀.၂ သန်း)အထိ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကင်ညာနိုင်ငံမှ မက္ကဒေးမီးယားတင်သွင်းမှု အဆ(၂၀)ခန့် တိုးလာခဲ့ကြောင်း၊ ယခင်က တန်ချိန် (၄၀၀)ခန့်သာရှိခဲ့ရာမှ လက်ရှိတွင် (၇,၅၉၅)တန်အထိ တိုးလာခဲ့ကြောင်း သိရှိရပါသည်။

Kenya's Nuts and Oil Crops Directorate မှ ထုတ်ပြန်သော စာရင်းဇယားများအရ မက္ကဒေးမီးယားသီးနှံကို ခာတ်သတ္တုကြွယ်ဝသော ကုန်းပြင်မြင့်ဒေသ၌ ဟက်တာ (၁၈,၀၀၀)ခန့်တွင် စိုက်ပျိုးထားကြောင်း၊ မကြာသေးမီနှစ်များအတွင်း ကင်ညာသည် ဩစတြေးလျနှင့် တောင်အာဖရိကပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံး မက္ကဒေးမီးယား တင်ပို့သူဖြစ်လာကြောင်း၊ ကင်ညာနိုင်ငံသည် ၎င်း၏ မက္ကဒေးမီးယား စုစုပေါင်းထွက်ရှိမှု၏ (၉၃)ရာခိုင်နှုန်းကျော်ကို ပြည်ပသို့ တင်ပို့နေပြီး အမေရိကန်၊ ဂျာမနီ၊ နယ်သာလန်နှင့် တရုတ်(ဟောင်ကောင် အပါအဝင်)သို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

World Macadamia Organisation ၏ အဆိုအရ ကင်ညာနိုင်ငံ၏ မက္ကဒေးမီးယား ထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်တွင် ယခင်နှစ်ထက် (၃.၁)ရာခိုင်နှုန်းကျဆင်းခဲ့ပြီး စုစုပေါင်းတန်ချိန် (၄၁,၁၅၀)ရှိကြောင်း၊ သို့သော် အလယ်ပိုင်းကုန်းမြင့်ဒေသတွင် စိုက်ပျိုးရာသီတစ်လျှောက် မိုးရွာသွန်းမှုများပြားသဖြင့် ၂၀၂၄ ခုနှစ်တွင် မက္ကဒေးမီးယားထုတ်လုပ်မှု (၁၂)% တိုးလာကာ အရည်အသွေးလည်း သိသိသာသာ တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://www.producereport.com/article/global-macadamia-production-increases-exports-china-soar](https://www.producereport.com/article/global-macadamia-production-increases-exports-china-soar)

……………………………………………………………………………………………………

## တရုတ်နိုင်ငံ၊ ဟိုင်နန်ဒေသထွက် ဒူးရင်းသီးစျေးသည် တစ်ကီလိုလျှင် (၁၆)ဒေါ်လာကျော်ဖြင့် စျေးတက်လျက်ရှိ

တရုတ်နိုင်ငံ၏ အပူပိုင်းဒေသ ဟိုင်နန်ပြည်နယ်မှ ဒူးရင်းသီးများသည် ယခုအခါ ဒုတိယနှစ်အဖြစ် စျေးကွက်သို့ အများအပြား ဝင်ရောက်လာခဲ့ကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အထွက်နှုန်း သိသိသာသာမြင့်မားလာသည့်အပြင် ယခုနှစ် အသီးခူးဆွတ်ချိန်လည်း ယခင်နှစ်ထက်စောခဲ့ကြောင်း၊ မေလကုန်တွင် ဟိုင်နန်တောင်ပိုင်း Sanya မြို့မှ ဒူးရင်းသီးများကို ခူးဆွတ်ရောင်းချခဲ့ပြီး ခန့်မှန်းထားသည်ထက် တစ်လခန့်စောနေကြောင်း၊ ဟိုင်နန်ဒူးရင်းသီး၏ ပထမအသုတ် လက်လီစျေးသည် ယခင်နှစ်ပေါက်စျေးအတိုင်းပင် တစ်ကီလိုလျှင် တရုတ်ယွမ် (၁၂၀) (အမေရိကန်ဒေါ်လာ ၁၆.၅၇) ဝန်းကျင်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းဒူးရင်းသီး၏ စိုက်ပျိုးဧရိယာနှင့် ထုတ်လုပ်မှုပမာဏအကန့်အသတ်ရှိခြင်းကြောင့် စျေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေကြောင်း၊ အပင်မှ ခူးဆွတ်ခြင်းမပြုမီကပင် ဒူးရင်းသီးများကို ဖောက်သည်များက ကြိုတင်မှာယူထားခြင်း (သို့မဟုတ်) ဥယျာဉ်ခြံများမှ တိုက်ရိုက်ဝယ်ယူခြင်းများရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဟိုင်နန်တွင် ဒူးရင်းပင် (၈၃)ဟက်တာခန့်မှ အသီးထွက်ရှိခဲ့ပြီး စုစုပေါင်းမက်ထရစ်တန်(၅၀)ရှိကြောင်း၊ အဆိုပါကိန်းဂဏန်းများသည် ၂၀၂၄ ခုနှစ်တွင် ဟက်တာအားဖြင့် (၂၆၀)နှင့် ထုတ်လုပ်မှုအားဖြင့် တန်ချိန်(၂၅၀)အထိတိုးလာမည်ဟု ခန့်မှန်းထားကြောင်း Hainan Durian Association ၏ ဥက္ကဋ္ဌ Du Baizhong ၏ ပြောကြားချက်အရ သိရှိရပါသည်။

အသင်း၏ဥက္ကဋ္ဌဖြစ်သည့်အပြင် Hainan Youqi စိုက်ပျိုးရေးကုမ္ပဏီ၏ အထွေထွေမန်နေဂျာလည်းဖြစ်သည့် Du Baizhong ၏ ဒူးရင်းခြံသည် လက်ရှိတွင် ဟိုင်နန်တွင် အကြီးဆုံးဖြစ်ပြီး ယခုနှစ်

အတွင်း ထုတ်လုပ်မှုပမာဏမှာ ခန့်မှန်းခြေ တန်ချိန်(၁၅၀)မှ (၂၀၀)အထိ ရှိနိုင်ကြောင်း၊ ၎င်း၏ ဥယျာဉ်ခြံမှ ပထမအသုတ်ထွက်ရှိသည့် ဒူးရင်းသီး၏ ပျမ်းမျှ Brix တန်ဖိုးသည် (၃၀)% မှ (၃၂.၅)% ကြားတွင်ရှိပြီး အချို့သောအသီးများသည် (၃၈.၅)% အထိရှိကြောင်း သိရှိရပါသည်။

တင်သွင်းလာသော ဒူးရင်းများကို ပုံမှန်အားဖြင့် (၇၀ – ၈၀) %ခန့် မှည့်ပါက ခူးဆွတ်ရသော်လည်း ပြည်တွင်းဒူးရင်းသီးများသည် ရင့်မှည့်ချိန်အထိ အပင်ပေါ်တွင် ဆက်လက်ရှိနေနိုင်ကြောင်း၊ ၎င်းတို့၏ ရင့်မှည့်မှုနှင့် လတ်ဆတ်မှုတို့ကြောင့် ပြည်တွင်းဒူးရင်းသီးများကို တရုတ်နိုင်ငံရှိ ဒူရင်းသီးကြိုက်သူများက အလွန်နှစ်သက်လာကြကြောင်း၊ ထို့အပြင် စိုက်ပျိုးနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဟိုင်နန်၏ ဒူးရင်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် အာရုံစိုက်ခံလာရကြောင်း၊ တရုတ်နိုင်ငံ၏ အခြားဒေသများမှ စိုက်ပျိုးသူများအပြင် အခြားသောကဏ္ဍများမှ လုပ်ငန်းရှင်များသည် ဟိုင်နန်သို့ လာရောက်လည်ပတ်ကြပြီး ဒူးရင်းစိုက်ပျိုးခြင်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာကြကြောင်း သိရှိရပါသည်။

ဟိုင်နန်ရှိ ဒူးရင်းသီးထုတ်လုပ်မှု ဧရိယာသည် လာမည့်သုံးနှစ်မှ ငါးနှစ်အတွင်း ဟက်တာ (၆,၆၀၀)ထက် ကျော်လွန်မည်ဟု လုပ်ငန်းရှင်များက ခန့်မှန်းထားပြီး လက်ရှိစိုက်ပျိုးမှုအခြေအနေအရ ဟိုင်နန်ဒူးရင်းများသည် မတ်လတွင် စတင်အသီးသီး၍ မေလကုန်တွင် ဈေးကွက်သို့ စတင်ရောက်ရှိကာ ဇွန်လလယ်တွင် အများအပြားရောင်းချကြပြီး စက်တင်ဘာလအထိ ဈေးကွက်၌ ဆက်လက်ရှိနေကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: [https://www.producereport.com/article/hainan-durians-hit-market-prices-over-16-kilogram](https://www.producereport.com/article/hainan-durians-hit-market-prices-over-16-kilogram)

## အင်ဒိုနီးရှား၏ ဆီအုန်းကဏ္ဍအတွက် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ခိုင်မာကောင်းမွန် သည့် အဖွဲ့ရှိရန် လိုအပ်

အင်ဒိုနီးရှား စားအုန်းဆီလုပ်ငန်းသည် ပြည်တွင်းစိန်ခေါ်မှုများအပြင် ကမ္ဘာ့စိန်ခေါ်မှုများကိုပါ ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် အဆိုပါပြဿနာရပ်များကို ထိရောက်အောင်မြင်စွာ ဖြေရှင်းနိုင်ရန် အတွက် စားအုန်းဆီကဏ္ဍရှိ ပါဝင်ပတ်သက်သူအားလုံးအကြား ခိုင်မာကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း (Indonesia Palm Oil Association –

GAPKI) ၏ ဥက္ကဋ္ဌဖြစ်သူ Eddy Martono က Medan မြို့တွင် ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့က ပြုလုပ်ခဲ့သည့် Indonesian Palm Oil Stakeholders Forum တွင် ပြောကြားခဲ့ပါသည်။

Eddy Martono က စားအုန်းဆီကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်တွင်းအနေဖြင့် စိန်ခေါ်မှု ၄ ခုရှိကြောင်း၊ ပထမစိန်ခေါ်မှုမှာ ဆီအုန်းနှင့် ဇီဝလောင်စာသုံးစွဲမှု မြင့်တက်လျက်ရှိပြီး ထုတ်လုပ်မှုရပ်တန့်နေခြင်းဖြစ်ကြောင်း၊ ဒုတိယစိန်ခေါ်မှုမှာ အလုပ်အကိုင်ဖန်တီးမှုအတွက် Omnibus Law ၏ Article 110A နှင့် 110B ကို အကောင်အထည်ဖော်မှုသည် ဆီအုန်းစိုက်ဧက သန်းပေါင်းများစွာမှာ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ယင်းစိုက်ပျိုးမြေများသည် သစ်တောဧရိယာကို ကျူးကျော်ထားသည်ဟု သံသယရှိသည့်အတွက် စိုက်ပျိုးရာသီ တစ်ခုပြီးဆုံးပါက သစ်တောဧရိယာအဖြစ် ပြန်လည်ထားရှိရမည်ဖြစ်ကြောင်း၊ တတိယစိန်ခေါ်မှုမှာ ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများအနေဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာန၏ စည်းမျဉ်းအမှတ် ၂၆/၂၀၀၇ အရ ကုမ္ပဏီများ၏ စုစုပေါင်းစိုက်ဧကမှ ၂၀ ရာခိုင်နှုန်းကို ဒေသခံပြည်သူများအတွက် အသေးစားစိုက်ပျိုးမှု (small-scale plantation) ဆောင်ရွက်ပေးရန်သတ်မှတ်ချက်ကို လိုက်နာရန် ပြည်သူလူထု၏ တောင်းဆိုမှု မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုသို့သော လူထုတောင်းဆိုမှုများ မြင့်တက်လာခြင်းသည် ဆီအုန်း စိုက်ပျိုးထုတ်လုပ်မှု၊ ယင်းကဏ္ဍရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အလွန်ဆိုးဝါးပြီး ပဋိပက္ခများအဖြစ်သို့ ဦးတည်သွားကြောင်း၊ Kalimantan အလယ်ပိုင်းတွင် ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီအများအပြား ထိုသို့သောအခြေအနေများနှင့် ကြုံတွေ့နေရပြီး သေချာမဖြေရှင်းနိုင်ပါက အခြားသောဒေသများသို့ပါ ပျံ့နှံ့သွားနိုင်ကြောင်း၊ အဆိုပါအခြေအနေများသည် ဥပဒေပိုင်းဆိုင်ရာ မသေချာမှုကို ဖြစ်ပေါ်စေပြီး ဆီအုန်းစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍတွင် ရေရှည်တည်တံ့သည့် ရင်းနှီးမြှုပ်နှံမှုကို ခြိမ်းခြောက်နေသည့် အခြေအနေဖြစ်ကြောင်း၊ စတုတ္ထတစ်ခုမှာ အစိုးရ၏ လုပ်ထုံးလုပ်နည်းအမှတ် ၅/၂၀၂၁ အရ ဆီအုန်း စိုက်ပျိုးခြင်းမရှိဘဲ စားအုန်းဆီစက်များအတွက် လုပ်ငန်းလိုင်စင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းက ပြည်တွင်းပြဿနာများအပြင် အင်ဒိုနီးရှား ဆီအုန်းလုပ်ငန်းအပေါ် အဆိုးမြင်သည့် လှုံ့ဆော်ပွဲများ၊ EU Deforestation free Regulation အကောင်အထည်ဖော်မှုများ အပါအဝင် အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းလုပ်ငန်းမှာ ကမ္ဘာ့ဈေးကွက်တွင်လည်း စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရကြောင်း၊ ထိုသို့သော ပြဿနာရပ်များကို ဖြေရှင်းရန် ဆီအုန်းလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်၊ ဗဟိုအစိုးရ၊ ပြည်နယ် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

GAPKI North Sumatra Office ၏ ခေါင်းဆောင်ဖြစ်သူ Timbas Prasad Ginting က သစ်တော ပြန်လည်စိုက်ပျိုးမှုအစီအစဉ်ကို အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း

Agribusiness & Trade

များ ကိုက်ညီမှုရှိသင့်ကြောင်း၊ သစ်တောဇရိယာကို ကျူးကျော်ထားသည်ဟု သံသယရှိဖွယ် စိုက်ခင်းပြဿနာနှင့် သက်ဆိုင်နေကြောင်း၊ မြေပိုင်ဆိုင်မှုလက်မှတ် ကိုင်ဆောင်ထားသည့် အသေးစားလုပ်ငန်းရှင် အများအပြားရှိသော်လည်း အစိုးရထံမှ စိုက်ပျိုးစရိတ်မရရှိသည့်အတွက် သစ်တောပြန်လည်စိုက်ပျိုးသည့်အစီအစဉ်ကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြောကြားခဲ့ပါသည်။

North Sumatra တွင် ဆီအုန်းစိုက်ဧက ဟတ်တာပေါင်း ၁.၄ သန်းနီးပါးရှိပြီး ထုတ်လုပ်မှုအနေဖြင့် တစ်နှစ်လျှင် တန် ၂၄ သန်းရှိကြောင်း၊ ဆီအုန်းလုပ်ငန်းသည် North Sumatra ၏ မဟာဗျူဟာကျသည့် လုပ်ငန်းဖြစ်ပြီး အဆိုပါပြည်နယ်ရှိ အလုပ်သမားများအတွက် အလုပ်အကိုင် အများဆုံး ဖန်တီးပေးသည့် လုပ်ငန်းဖြစ်ကြောင်း၊ Sumut တွင် ဆီအုန်းစိုက်ပျိုးသည့်ကုမ္ပဏီပေါင်း ၂၃၇ ခုရှိကြောင်း ၎င်းထံမှသိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ရပ်တန့်နေမှုနှင့် ၎င်းတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအပေါ်အခြေခံ၍ မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ စားအုန်းဆီ တင်သွင်း/တင်ပို့မှုများကို ချိန်ဆဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်္ကာပူ

ရင်းမြစ်။ Indonesia Palm Oil Association – GAPKI

## အိန္ဒိယနိုင်ငံသည် မြန်မာ့ပြောင်းကို အကောက်ခွန်လွတ်အစီအစဉ်ဖြင့် စတင်တင်သွင်း

အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံမှ ပြောင်းကို အကောက်ခွန်ကင်းလွတ်ခွင့် အစီအစဉ်ဖြင့် စတင်တင်သွင်းလျက်ရှိကြောင်း သိရသည်။ Tamil Nadu ပြည်နယ် Thoothukudi မြို့ ဆိပ်ကမ်းသို့ အနည်းဆုံး ပြောင်းသင်္ဘော (၃) စီး ဆိုက်ကပ်ခဲ့ပြီးဖြစ်ကာ ဇူလိုင်လကုန်ပိုင်းတွင် နောက်ထပ် သင်္ဘောအနည်းငယ် ထပ်မံဆိုက်ရောက်လာဖို့ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၇ ရက်နေ့က ဖော်ပြသည်။

မြန်မာနိုင်ငံမှ ပြောင်းများ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း၊ အရောင်းအဝယ် သဘောတူညီချက်တစ်ချို့ကို ညှိနှိုင်းလျက်ရှိစဉ် လတ်တလောတွင် ပြောင်းသင်္ဘော ၃ စီးသာ ဆိုက်ရောက်ခဲ့ပြီးဖြစ်ကာ ယခုအချိန်အထိ သဘောတူညီချက်ရပြီးဖြစ်သည့် အခြေအနေအရ နောက်ထပ် ပြောင်းသင်္ဘော ၁၀ စီးခန့် ထပ်မံဆိုက်ရောက်ဖို့ရှိနေကြောင်း တမီနာဒူပြည်နယ် ဥစားကြက်မွေးမြူရေး

သမားများဈေးကွက်ရှာဖွေရေးအသင်း (Tamil Nadu Egg Poultry Farmers Marketing Society–PFMS) ဥက္ကဋ္ဌ Vangili Subramanian က ပြောကြားခဲ့သည်။

ဦးစွာပထမ ပြောင်း ၁ တန်လျှင် ကန်ဒေါ်လာ ၂၆၈ နှင့် တင်သွင်းခဲ့ခြင်းဖြစ်ကာ ယခုအခါ ဈေးနှုန်းအနည်းငယ် မြင့်တက်သွားပြီ ဖြစ်ကြောင်းသိရသည်။ "ကျွန်တော်တို့ မြန်မာနိုင်ငံကနေ ပြောင်းကို ပထမဦးဆုံးတစ်သုတ် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ပြောင်းဈေးက ကန်ဒေါ်လာ ၂၆၈ က နေ၊ ယခုမြင့်တက်သွားပြီဖြစ်ပါတယ်။"ဟု Olam Agro India Ltd မှ တာဝန်ရှိသူ Sanjay Sancheti ကပြောကြားခဲ့သည်။

"ပြောင်း ၁၀၀၀၀ တန်ကို ၁ တန်လျှင် ကန်ဒေါ်လာ ၂၈၆ နှင့် ဇူလိုင်လအတွင်း အရောက် တင်ပို့ ရောင်းချပေးဖို့ ကမ်းလှမ်းချက်တစ်ခု လက်ခံရရှိခဲ့ပါတယ်။" ဒါပေမယ့် ၎င်းတို့အနေဖြင့် အဆိုပါ ကမ်းလှမ်းချက်ကို လက်မခံဖြစ်ဖြစ်ခဲ့ကြောင်း စိုက်ပျိုးရေးကုန်စည်များ ပို့ကုန်လုပ်ငန်းရှင် များအသင်း (Agri Commodities Exporters Association) ဥက္ကဋ္ဌ M Madan Prakash က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ပြောင်းကို နိုင်ငံ၏ ဖွံ့ဖြိုးမှုအနေအထားအရ သွင်းကုန်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်သည့် အခွင့်အလမ်းရှိကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ အကယ်၍ အဆိုပါကုန်စည်ကို အခြားနိုင်ငံများမှ တင်သွင်းမည် ဆိုပါက ပြည်တွင်းခွန်(IGST) ၅ ရာခိုင်နှုန်း၊ လူမှုဖူလုံရေးအတွက် ၁၀ ရာခိုင်နှုန်းအပြင် သွင်းကုန် ခွန် ၆၀ ရာခိုင်နှုန်းပေးဆောင်ရန် လိုအပ်ကြောင်း၊ သို့သော် အကောက်ခွန်ဌာနအနေဖြင့် အရေအတွက်အရ စည်းကြပ်သော သွင်းကုန်ခွန် (Tariff rate quota –TRQ) ၁၅ ရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ပြုထား ကြောင်း၊ ၂၀၂၀ ပြည့် နှစ်က အဆိုပါ TRQ နှုန်းဖြင့် ပြောင်းတန်ချိန် ၅ သိန်းကို တင်သွင်းခွင့်ပြုခဲ့ ကြောင်း သိရသည်။

အရောင်းအဝယ်သဘောတူညီချက်အရ ပြောင်းတန်ချိန် ၃ သိန်းနီးပါးကို သွင်းကုန်ခွန်လွတ် တင်သွင်းမည်ဖြစ်ကာ ကော်မှုန့် (starch) ထုတ်လုပ်ပြီး ပြန်လည်တင်ပို့ရောင်းချသွားမည် ဖြစ် ကြောင်း၊ ပထမဦးဆုံး ကုန်တစ်သုတ်ကို ကော်မှုန့် (starch) ထုတ်လုပ်ရေးအတွက် အသုံးပြုမည် ဖြစ်ကာ ဒုတိယ ကုန်တစ်သုတ်ကို အီသနောရောစပ်ရန် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ အထူး သဖြင့် တမီနာဒူပြည်နယ် ကြက်မွေးမြူရေးလုပ်ငန်းများမှ ဝယ်လိုအားရှိပြီး၊ ပြည်နယ်ရှိ မွေးမြူရေး လုပ်ငန်းတစ်ချို့က တင်သွင်းပြောင်းကို ဝယ်ယူကြကြောင်း၊ ၎င်းအနေဖြင့် ပြောင်းကို ဘီဟာပြည် နယ်မှ အဓိကဝယ်ယူကြောင်း Subramanian က ပြောကြားခဲ့သည်။

Agribusiness & Trade

ဘီဟာပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့၌ ရာသီဥတုပြောင်းလဲမှုကြောင့် ရာဘီ (ဆောင်း) ရာသီ ပြောင်းအထွက်နှုန်းကို ထိခိုက်မှုရှိခဲ့ကြောင်းနှင့် အနည်းဆုံး ၁၀ ရာခိုင်နှုန်း အထွက်နှုန်းလျော့ကျဖွယ်ရှိကြောင်း အိန္ဒိယကုန်သည်များက ပြောကြားခဲ့သည်။ သို့သော် ဘီဟာပြည်နယ်၏ သီးနှံအထွက်နှုန်း ကောင်းမွန်ကြောင်း တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေးဝန်ကြီးဌာန (The Ministry of Agriculture and Farmers Welfare) မှ ယခုသီတင်းပတ် အစောပိုင်းက ပြုလုပ်ခဲ့သော တတိယအကြိမ် သီးနှံအထွက်နှုန်း ကြိုတင်ခန့်မှန်းချက်အရ ယခုနှစ်အတွက် ပြောင်းတန်ချိန် ၃၅ ဒသမ ၆၇ သန်းထွက်ရှိမည်ဖြစ်ကာ ယခင်နှစ်ကာလတူက ၃၈ ဒသမ ၀၈ သန်းထွက်ရှိခဲ့သည့်အတွက် အထွက်နှုန်းလျော့ကျမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မွေးမြူရေးကဏ္ဍတစ်ခုတည်း၏ ပြောင်းလိုအပ်ချက်မှာ တစ်နှစ်လျှင် တန်ချိန် ၁ သန်း တိုးမြင့်လာလျက်ရှိကြောင်း၊ ၎င်းကဏ္ဍ၏ လက်ရှိပြောင်းဝယ်လိုအားမှာ တန်ချိန် ၁၆ သန်းခန့်ရှိကြောင်း သိရသည်။ အဆိုပါကဏ္ဍအပြင် ကော်မှုန့်ထုတ်လုပ်ရေးနှင့် အီသနောထုတ်လုပ်ရေးလုပ်ငန်းများမှလည်း ပြောင်းကို ဝယ်ယူကြကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်က အီသနောကဏ္ဍ၏ ပြောင်းလိုအပ်ချက်မှာ တန်ချိန် ၀ ဒသမ ၈ သန်းရှိကာ ယခုဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၄ သန်းအထိတိုးမြင့်လာဖွယ်ရှိကြောင်း၊ အဆိုပါနှုန်းအရ ၂၀၂၇-၂၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၀ သန်းအထိ မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။ အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်း၌ ပြောင်းဝယ်လိုအား မြင့်တက်လာမှုကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန် ပိုမိုဈေးသက်သာသော မျိုးဗီဇပြုပြင်ထားသည့် ပြောင်းအမျိုးအစား (Genetically modified –GM corn) ကို တင်သွင်းခွင့်ပြုရန် စဉ်းစားနေကြောင်းလည်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပြောင်းလိုအားမြင့်တက်ကာ ပြည်တွင်းပြောင်းဈေးနှုန်းများ မြင့်တက်လာလျက်ရှိပြီး၊ ပြည်ပမှ ဝယ်ယူမှု တိုးမြင့်လာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ ပြောင်းကို တမီနာဒူးပြည်နယ်မှ စတင်၍ ဝယ်ယူတင်သွင်းလျက်ရှိပြီး၊ နောက်ထပ်ပြည်နယ်မှလည်း ဝယ်ယူတင်သွင်းမည့် အလားအလာများရှိနေသည့်အတွက် မြန်မာ့ပြောင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအနေဖြင့် ကြိုတင်ပြင်ဆင်လုပ်ဆောင်သင့်ကြောင်း သိရှိနိုင်ရန် လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline, India begins importing Myanmar corn duty-free to meet surging demand,

Agribusiness & Trade

## အိန္ဒိယတွင် ကြက်သွန်နီ ဝယ်လိုအားများသော်လည်း ဈေးကွက်ဝင်ရောက်မှု နည်းပါးသဖြင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိ

ကြက်သွန်နီဈေးနှုန်းများသည် Eid-al-Adha (Bakra Eid) မတိုင်မီ ဝယ်လိုအား မြင့်တက်လျက်ရှိသော်လည်း ဈေးကွက်တွင်း ကြက်သွန်နီဝင်ရောက်မှုနည်းနေသဖြင့် ပြီးခဲ့သည့်နှစ်ပတ်အတွင်း ၃၀ မှ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်းနှင့် ကုန်သည်လုပ်ငန်းရှင်များက ဗဟိုအစိုးရ၏ ဈေးနှုန်းထိန်းချုပ်နိုင်ရန်ဆောင်ရွက်ထားသည့် အစီအမံများ ဖြေလျှော့ပေးမည်ဟူသော မျှော်လင့်ချက်ဖြင့် ကြက်သွန်များကို သိုလှောင်ကိုင်ဆောင်ထားကြကြောင်း သိရှိရပါသည်။

Nashik မြို့ရှိ Lasalgaon သီးနှံဈေးတွင် ကြက်သွန်နီ လက်ကားဈေးမှာ မေလ ၂၅ ရက်၌ တစ်ကီလိုဂရမ်လျှင် ၁၇ ရူပီးသာရှိခဲ့သော်လည်း တနင်္လာနေ့က ပျမ်းမျှ ၂၆ ရူပီးရှိခဲ့ကြောင်းနှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဈေးနှုန်းမှာ ရူပီး ၃၀ ထိ ရှိခဲ့ကြောင်း သိရှိရသည်။

ကြက်သွန်နီဈေးနှုန်းမြင့်တက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဝယ်လိုအားနှင့် ရောင်းလိုအား မကိုက်ညီခြင်းကြောင့်ဖြစ်ကြောင်း၊ ဇွန်လမှစတင်၍ ဈေးကွက်အတွင်းသို့ ရောက်ရှိသည့် ကြက်သွန်နီသည် တောင်သူများနှင့် ကုန်သည်များ သိုလှောင်ထားသည့် လက်ကျန်များမှဖြစ်ကြောင်း၊ တောင်သူများသည် ၂၀၂၃-၂၄ ခုနှစ် မိုးရာသီကြက်သွန် ထွက်ရှိမှုသည် လျော့နည်းသည့်အတွက် ဈေးကောင်းရရှိမည်ဟုမျှော်လင့်ထားသောကြောင့် ၎င်းတို့၏ ကြက်သွန်နီများကို ဖြေးဖြေးချင်းသာ ရောင်းချလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီတင်ပို့မှုအပေါ် ၄၀ ရာခိုင်နှုန်း အခွန်ကောက်ခံမှုကြောင့် တင်ပို့မှု နှေးကွေးနေသော်လည်း လာမယ့် ဇွန်လ ၁၇ ရက်နေ့ Eid-al-Adha အတွက် ပြည်တွင်း ကြက်သွန်နီဝယ်လိုအားမှာ အားကောင်းနေကြောင်း Maharashtra ပြည်နယ်၊ Nashik မြို့ မှ ကြက်သွန် ကုန်သည် Vikas Singh ကပြောကြားထားသည်။

ကြက်သွန်ဈေးနှုန်းတက်ရခြင်း၏ အခြားသောအဓိကအကြောင်းရင်းတစ်ခုမှာ ဗဟိုအစိုးရက ပို့ကုန်ခွန်ကိုဖယ်ရှားပေးပြီး ပြည်ပဝယ်လိုအားကြောင့် ဈေးနှုန်းမြင့်တက်လာမည်ဟု တောင်သူများနှင့် ကုန်သည်များကယူဆထားပြီး ကြက်သွန်နီအား သိုလှောင်ထားကြသောကြောင့် ဖြစ်ကြောင်း သစ်သီးဝလံပန်းမန်ထုတ်လုပ်တင်ပို့သူများ အသင်း ဥက္ကဋ္ဌ Ajit Shah က ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယတောင်သူများနှင့် ကုန်သည်များက ကြက်သွန်နီတင်ပို့မှုအပေါ် ကောက်ခံသည် အခွန် ၄၀ ရာခိုင်နှုန်းအား အစိုးရမှ ဖြေလျှော့ပေးရန် မျှော်လင့်လျက်ရှိသည့် အခြေအနေကို သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Onion prices on the boil as arrivals slow, demand picks up, The Economic Times,.

## အိန္ဒိယတွင် စားတော်ပဲတင်သွင်းသူများက ရောင်းချရန် ငြင်းဆိုခြင်းကြောင့် ဈေးကွက်အတွင်း သိုလှောင်ထားရှိမှုအခြေအနေ ဖော်ပြရမည့်စည်းမျဉ်းများအား တင်းကျပ်ထား

အိန္ဒိယနိုင်ငံတွင် စားတော်ပဲ ( Yellow Peas) တင်သွင်းသူများက ဈေးနှုန်းသက်သာသော စားတော်ပဲများ ဆက်လက်တင်သွင်းခွင့်ပြုမှုကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းများကျဆင်းနေသဖြင့် တင်သွင်းမှုများအပေါ် အခွန်ကောက်ခံရန် ဗဟိုအစိုးရကို တောင်းဆိုထားကြောင်း၊ ထို့အတူ ဗဟိုအစိုးရကလည်း တင်သွင်းသူများအနေဖြင့် ပြည်တွင်းဈေးကွက်တွင် စားတော်ပဲအမြောက်အများ သိုလှောင်ထားမည်ကို စိုးရိမ်သဖြင့် ပြီးခဲ့သည့်သောကြာနေ့က ပဲမျိုးစုံလုပ်ငန်းနှင့် ကုန်သည်များအား သိုလှောင်ထားရှိမှုများအခြေအနေ ဖော်ပြရန်လိုအပ်ချက်များကို ပိုမိုကြပ်မတ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များမှတင်ပြထားသော သိုလှောင်ထားရှိမှုအခြေအနေ အချက်အလက်များအပြင် ယခုအခါ သိုလှောင်ရုံသို့ အဝင်/အထွက်ပမာဏများကိုလည်း တစ်ပတ်လျှင် နှစ်ကြိမ် တင်ပြရမည်ဖြစ်ကြောင်း သိရှိရသည်။

ဗဟိုအစိုးရမှ အကြီးတန်းအရာရှိများသည် ပဲမျိုးစုံလုပ်ငန်းမှ သက်ဆိုင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း၊ ကုလားပဲထွက်ရှိမှုသည် အစိုးရနှင့် ကုန်သည်များက ခန့်မှန်းထားသည်ထက် များစွာလျော့နည်းမည်ဟု မျှော်လင့်ထားသောကြောင့် ဗဟိုအစိုးရက စားတော်ပဲတင်သွင်းခွင့်ပြုသည့် နောက်ဆုံးရက်ကို အောက်တိုဘာ ၃၁ ရက်အထိ ၄ ကြိမ်တိုင်အောင် တိုးမြှင့်ပေးထားကြောင်း၊ မတ်လ ၃၁ ရက်အား ပထမအကြိမ် တင်သွင်းရန် နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားသည့်အတွက် စားတော်ပဲတင်သွင်းသူများက ဈေးနှုန်းအမြင့်ဖြင့် အလျင်အမြန်ဝယ်ယူခဲ့ကြရကြောင်း၊ သို့ရာတွင် ဝယ်ယူခွင့်အား အောက်တိုဘာ ၃၁ ရက်အထိ သက်တမ်းတိုးပေးခဲ့ကြောင်း၊ ထို့ကြောင့် ပဲတင်သွင်းသူများက ၎င်းတို့တင်သွင်းထားသည့်ဈေးနှုန်းသည် လက်ရှိပြည်တွင်းပေါက်ဈေးနှုန်းထက်မြင့်မားနေသဖြင့် ရောင်းချရန်အဆင်ပြေမှုမရှိကြောင်း အစိုးရကိုတင်ပြခဲ့သည်ဟု ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည့် ကုန်သည်လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရသည်။

နိုင်ငံတကာဈေးကွက်တွင် အထူးသဖြင့်ရုရှား၌ စားတော်ပဲအားပေါများစွာ ရရှိနိုင်ကြောင်း၊ အီးယူသည် ရုရှားကောက်ပဲသီးနှံများအပေါ် တင်သွင်းခွန်စည်းကြပ်ထားသောကြောင့် လက်ရှိတွင် အိန္ဒိယသည် ရုရှားစားတော်ပဲအတွက် အဓိကဝယ်လက်ဖြစ်နေကြောင်း ကုန်သည်သတင်းရင်းမြစ်များက ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် မုတ်သုံမိုးရွာသွန်းမှုအပြောင်းအလဲကြောင့် ၂၀၂၃-၂၄ ရာသီချိန်တွင် ပြည်တွင်း၌ စားတော်ပဲနှင့် ကုလားပဲ သီးနှံထွက်ရှိမှုကျဆင်းခဲ့ခြင်းကြောင့် စားတော်ပဲတင်သွင်းခွင့်ကို ခွင့်ပြုပေးခဲ့ကြောင်း၊ ပဲစားသုံးမှုအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် စားတော်ပဲကို ကုလားပဲ

Agribusiness & Trade

အစားသုံးစွဲခဲ့ကြောင်း၊ ကုန်သွယ်မှုခန့်မှန်းချက်အရ အိန္ဒိယသည် စားတော်ပဲတန်ချိန် ၁၇ သိန်း တင်သွင်းထားပြီး အောက်တိုဘာ ၃၁ ရက်မတိုင်မီ နောက်ထပ် တန်ချိန် ၂.၅ သိန်းမှ ၃ သိန်းထိ ထပ်မံရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် စားတော်ပဲအား အစောပိုင်းဝယ်ယူတင်သွင်းထားသူများသည် ဈေးကြီးမိထားသဖြင့် ယခုနောက်ပိုင်းတွင် ဈေးနှုန်းသက်သာစွာဖြင့်တင်သွင်းလာမှုများအပေါ် အခွန်ကောက်ခံရန် တောင်းဆိုမှုများရှိနေမှုအခြေအနေနှင့် အစိုးရမှ စားတော်ပဲအား ကုန်သည်များက လှောင်ထားပြီးဈေးကစားမှုများလုပ်ဆောင်မည်ကိုစိုးရိမ်သဖြင့် ထိန်းကြောင်း ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: Stock disclosure rules for yellow peas tightened as importers refuse to sell, The Economic Times,

.........................................................................................................................................................

**အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေး သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင်**
**၁ ရူပီး ရင်းနှီးမြှုပ်နှံမှုသည် အမြတ်အစွန်းအဖြစ် ၁၃ ရူပီး ပြန်ရရှိနိုင်သည်ဟု**
**NAAS အကြီးအကဲကပြောကြား**

အမျိုးသားစိုက်ပျိုးရေးသိပ္ပံအကယ်ဒမီ (National Academy of Agricultural Sciences – NAAS) ၏ ဥက္ကဋ္ဌ ဖြစ်သူ Himanshu Pathak က အသစ်ဖွဲ့စည်းထားသော အိန္ဒိယအစိုးရ၏ ရက် ၁၀၀ အစီအစဉ်တွင်ရေးဆွဲထားသည့်အတိုင်း အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးသုတေသနနှင့်ပညာရေးစနစ်အား အဓိကပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း၊ အိန္ဒိယစိုက်ပျိုးရေးအတွက် မျှော်မှန်းချက်သည် "ကမ္ဘာ့ပြိုင်ဆိုင်နိုင်မှုနှင့် ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေး" ဖြစ်သင့်သည်ဟု အလေးပေးပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

Pathak က စိုက်ပျိုးရေးသုတေသန ရင်းနှီးမြှုပ်နှံမှုများတွင် ကြီးမားသော အမြတ်အစွန်းများကို မီးမောင်းထိုးပြပြီး "သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု ၁ ရူပီး အတွက်ပြန်လည်ရရှိမည့်အကျိုးအမြတ်မှာ၁၃ ရူပီး ရှိကြောင်း၊ မွေးမြူရေးကဏ္ဍတွင်အမြတ်မှာ ပို၍များကြောင်း ပြောကြားထားသည်။

Indian Council of Agricultural Research (ICAR) ၏ ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်သည့် NAAS ဥက္ကဋ္ဌက အမျိုးအစားများပြောင်းလဲထုတ်လုပ်နိုင်မှုတွင်ကန့်သတ်ချက်ရှိခြင်း၊ တန်ဖိုး

မြင့်ထုတ်လုပ်နိုင်မှုနည်းပါးခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ သဘာဝအရင်းအမြစ်များလျော့နည်းလာခြင်း၊ ပိုးမွှားနှင့်ရောဂါများတိုးလာခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် ဈေးကွက်များ မတည်ငြိမ်မှုနှင့် ပိုမိုဆိုးရွားလာမှုအခြေအနေများအပါအဝင် လယ်ယာကဏ္ဍတွင် အဟန့်အတားများစွာရှိကြောင်း၊ အကျိုးဆက်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍအား မှီခိုဆောင်ရွက်သူဦးရေနည်းပါး သွားသကဲ့သို့ နိုင်ငံ၏ဂျီဒီပီတွင်ပါဝင်မှုသည်လည်း ၁၉.၂ ရာခိုင်နှုန်းအထိကျဆင်းသွားပါကြောင်း၊ ထို့ကြောင့် အကျိုးသက်ရောက်မှုမြင့်မားသော ကဏ္ဍများ၊ ကွဲပြားခြားနားသည့် စိုက်ပျိုးရေးနည်းစနစ်များကို သုတေသနပြုရန်၊ ရာသီဥတုဒဏ်ခံနိုင်သော မျိုးကွဲများကိုအလေးထားဆောင်ရွက်ရန်၊ ရာသီဥတုဖောက်ပြန်မှုကို တိုက်ဖျက်ရန်အတွက်ကြိုးပမ်းဆောင်ရွက်ရန်နှင့် အခြားရွေးချယ်စရာ နည်းပညာများပေါင်းစပ်အသုံးပြုရန် လိုအပ်သည်ဟု ပြောကြားထားသည်။

ထို့ပြင် Pathak က ရိတ်သိမ်းပြီးနောက်ပိုင်း ဆုံးရှုံးမှုများကို ဖြေရှင်းပေးရန်နှင့် တန်ဖိုးမြင့်ထုတ်လုပ်မှုများကိုမြှင့်တင်ရန်အတွက်လည်း တွန်းအားပေးခဲ့ပြီး ယင်းရည်မှန်းချက်များ အောင်မြင်ရန် သတင်းအချက်အလက်နည်းပညာ (ICT)၊ ဉာဏ်ရည်တုနည်းပညာ (AI)၊ ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ် (GIS)နှင့်မျိုးစေ့ရင်းမြစ်များပေါင်းစပ်ပြုပြင်ခြင်း (genome editing) ကဲ့သို့သော နည်းပညာရပ်များကို အသုံးပြုရန် အကြံပြုခဲ့သည်။

ဝင်ငွေကောင်းမွန်ပြီး မိတ်ဖက်များအကြားပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေခြင်းနှင့် ရန်ပုံငွေနှင့်အရည်အသွေးပြည့်ဝသော လူစွမ်းအားအရင်းအမြစ်များ တိုးမြှင့်ခြင်းတို့နှင့်အတူ အရည်အသွေးကောင်းမွန်ပြီးသဘာဝနှင့် လိုက်လျောညီထွေရှိသည့် အစားအစာများအတွက် ဂယ်လိုအားမြင့်တက်ရန် လိုအပ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားထားသည်။

အိန္ဒိယအစိုးရသည် လယ်ယာကဏ္ဍအတွက် ရည်မှန်းချက် ၂၀၄၇ ကို ချမှတ်ထားပြီး ယင်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်မည့် အစီအမံများကိုချမှတ်ထားပြီးဖြစ်ကြောင်းလည်း သိရှိရသည်။ မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ ယင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ရည်မှန်းချက်များချမှတ်ပြီး သုတေသနလုပ်ငန်းများအား အားပေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် ခေတ်မီနည်းပညာများကိုလည်း ပေါင်းစပ်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: ၁ rupee investment in agri R&D can fetch Rs ၁၃ return, says NAAS chief, The Economic Times,.

## ဂျပန်အစိုးရအနေဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်၍ အခြေခံစိုက်ပျိုးရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့

ကိုဗစ်-၁၉ ကပ်ရောဂါ၊ နိုင်ငံတကာပဋိပက္ခများနှင့် ကမ္ဘာကြီးပူနွေးလာသည့်အတွက် မိုးခေါင်မှုများဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ဂျပန်နိုင်ငံသို့ စားနပ်ရိက္ခာပံ့ပိုးပေးလျက်ရှိသည့် စျေးကွက်များ၏ အခြေအနေမှာ လွန်ခဲ့သော ၂၅ နှစ်တာကာလအတွင်း များစွာပြောင်းလဲခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးမှာ အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည့်အတွက် ၁၉၉၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော Basic Law on Food, Agriculture and Rural Areas ကို Constitution of Agricultural Policy အဖြစ် ပထမဆုံးအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါ ဥပဒေ၏ အခြေခံမူဝါဒတွင် စားနပ်ရိက္ခာဖူလုံစေရေး ဆောင်ရွက်သွားရန် ဖြည့်စွက်ထည့်သွင်း ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရုရှား-ယူကရိန်း ပဋိပက္ခတို့ကြောင့် စားသောက်ကုန်များ ဝယ်ယူရရှိနိုင်မှုမှာ ရပ်တန့်သွားခဲ့ပြီး၊ ကောက်ပဲသီးနှံများ၏ စျေးနှုန်းများမှာလည်း ယာယီမြင့်တက်ခဲ့ကြောင်း၊နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများအတွက် မွေးမြူရေးအစာကုန် ကြမ်းစျေးနှုန်းများမှာလည်း မြင့်တက်ခဲ့သည့်အတွက် ပြည်တွင်းနို့ထွက်ပစ္စည်းများ ထုတ်လုပ်သူများအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ဖော်ပြထားပါသည်။

ပြင်ဆင်ထုတ်ပြန်ထားသည့် ဥပဒေတွင် စားနပ်ရိက္ခာဖူလုံခြင်းဆိုသည်မှာ အရည်အသွေးမြင့် စားသောက်ကုန်များကို သင့်လျော်သော စျေးနှုန်းဖြင့် ပြည်သူအားလုံးသို့ ပံ့ပိုးပေးနိုင်သည့် အခြေအနေကို ဆိုလိုခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း၊ လက်ရှိတွင် ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ကျဆင်းလျက်ရှိပြီး၊ ဝယ်ယူသုံးစွဲနိုင်စွမ်းလည်း ကျဆင်းလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် သွင်းကုန်အပေါ် အလွန်အမင်းမှီခိုအားထားလျက်ရှိခြင်းသည် အန္တရာယ်များကြောင်း ဖော်ပြထားပါသည်။

လက်ရှိ ဥပဒေ၏ စိုက်ပျိုးရေးမူဝါဒတွင် စားနပ်ရိက္ခာဖူလုံမှုအချိုး (Self-Sufficiency Ratio) ကို ၂၀၃၀ ပြည့်နှစ်တွင် ၄၅ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေး မျှော်မှန်းဆောင်ရွက်သွားမည်ဟု ဖော်ပြထားကြောင်း၊ သို့သော် ၂၀၂၂ ဘဏ္ဍာနှစ်အထိ ဂျပန်နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု အချိုးမှာ ၃၈ ရာခိုင်နှုန်းသာ ရှိကြောင်း၊ ပြင်ဆင်သည့် ဥပဒေတွင် စားနပ်ရိက္ခာဖူလုံမှုအချိုး တစ်ခုတည်းကိုသာ အလေးထားဆောင်ရွက်ခြင်း မဟုတ်ဘဲ စားနပ်ရိက္ခာဖူလုံစေရေးအတွက် အရေးပါသည့် များစွာသော ရည်မှန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ အဆိုပါ ရည်မှန်းချက်များ အကောင်

Agribusiness & Trade

အထည်ဖော်နိုင်မှု ရှိ-မရှိကိုလည်း တစ်နှစ်တစ်ကြိမ် ဆန်းစစ်သွားမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဓာတ်မြေသြဇာကဲ့သို့သော ကုန်ကြမ်းများသည် စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါလျက်ရှိကြောင်း၊ ဂျုံနှင့် ပဲပိစပ်ကဲ့သို့သော ကောက်ပဲသီးနှံများ ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ် နိုင်ရေးမှာလည်း အရေးပါလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်မြေသြဇာနှင့် အခြားသော ကုန်စည်များနှင့်စပ်လျဉ်း၍လည်း ထိရောက်ပြီး တိကျသည့် မျှော်မှန်းချက်များ ချမှတ်သွားမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားပါသည်။

တောင်သူလယ်သမားများအား ဆက်လက်ထိန်းသိမ်းထားနိုင်ရေးမှာလည်း အရေးပါလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်၌ လယ်ယာကဏ္ဍတွင် အလုပ်လုပ်ကိုင်သူဦးရေမှာ ၁.၁၆ သန်း ရှိပြီး၊ အဆိုပါ အလုပ်လုပ်ကိုင်သူများ၏ ပျမ်းမျှ အသက်အရွယ်မှာ ၆၉ နှစ်ဖြစ်ကြောင်း၊ လာမည့် နှစ် ၂၀ အတွင်း လယ်ယာကဏ္ဍတွင် အလုပ်လုပ်ကိုင်သူဦးရေမှာ သိသိသာသာကျဆင်းလာနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်ကိုင်သူများ များပြားလာစေရေးအတွက် အမြတ်ရရှိမှု များပြားလာစေရေးနှင့် ဆွဲဆောင်မှုရှိသည့် လုပ်ငန်းကဏ္ဍဖြစ်စေရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲအသုံးပြုခြင်းဖြင့် လုပ်သားအင်အားကို ထိန်းသိမ်းရန်နှင့် စီးပွားဖြစ်အမြောက်အများထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တောင်သူများ၏ အမြတ်ငွေများပုံမှန်ရရှိစေရေးအတွက် ထုတ်လုပ်မှုဆိုင်ရာ ကုန်ကျစရိတ်များကို ရောင်းချသည့် ကုန်စည်ဈေးနှုန်းများတွင် ထည့်သွင်းတိုးမြှင့်ရောင်းချနိုင်ရေး လိုအပ်လျက်ရှိကြောင်း၊ ပြင်ဆင်သည့် ဥပဒေတွင် ကုန်စည်ဈေးနှုန်းများကို ဝယ်လိုအား၊ ရောင်းလိုအားနှင့် အရည်အသွေးတို့သာမက သင့်လျော်သည့် ဈေးနှုန်းဖြစ်စေရေးလည်း ထည့်သွင်းစဉ်းစားရမည်ဟု ဖော်ပြထားကြောင်း၊ ထို့ကြောင့် ဓာတ်မြေသြဇာနှင့် သယ်ယူပို့ဆောင်စရိတ်များ အပါအဝင် အခြားသော ကုန်ကျစရိတ်များကို ရောင်းချမည့် ထုတ်ကုန်များ၏ ဈေးနှုန်းများတွင် ထည့်သွင်းတွက်ချက်နိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်သူများနှင့် တွေ့ဆုံရာတွင် သင့်လျော်သည့် ကုန်ဈေးနှုန်းများ ဖြစ်စေရေးအတွက် မည်သို့ဆောင်ရွက်သင့်သည်ကို လေ့လာသွားမည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှု၊ ရောင်းချမှု၊ ဖြန့်ဝေမှုအဆင့်တိုင်း၏ ကုန်ကျစရိတ်များကို ထည့်သွင်းတွက်ချက်နိုင်ရေး အချက်အလက်များ ကောက်ယူသွားမည် ဖြစ်ပြီး၊ ထိရောက်ကောင်းမွန်သည့် မူဘောင်တစ်ရပ် ပေါ်ထွက်လာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားပါသည်။

Agribusiness & Trade

### သုံးသပ်တင်ပြချက်

ဂျပန်နိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ စုစုပေါင်းဧရိယာ၏ ၁၁.၅ ရာခိုင်နှုန်းသာ ရှိပြီး ၂၀၂၂ ခုနှစ်၌ ဂျပန်နိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ၄.၃၃ သန်းဟက်တာ ရှိပါသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံ့လူဦးရေအတွက် လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မှုမရှိဘဲ စားနပ်ရိက္ခာအတွက် ပြည်ပနိုင်ငံများမှ အဓိကတင်သွင်းရလျက် ရှိပါသည်။ ဂျပန်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၃၈ ရာခိုင်နှုန်းရှိပြီး G-7 အဖွဲ့ဝင်နိုင်ငံများအကြားတွင် အနိမ့်ဆုံးနှုန်း ဖြစ်ပါသည်။ ဂျပန်အစိုးရအနေဖြင့် စားနပ်ရိက္ခာဖူလုံစေရေးနှင့် နိုင်ငံအတွက် အရေးပါသည့်ကုန်စည်များ စဉ်ဆက်မပြတ်ရရှိစေရေး ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးလုံခြုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို
Source: The Japan News

................................................................................................................................

## မေလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း အနည်းငယ် ဆက်လက် မြင့်တက်ခဲ့ခြင်း

၁။ သကြားနှင့် ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းသတ်မှတ်ချက်များ ကျဆင်းမှုကို ခုနိမ်လျက် နံ့စားသီးနှံများနှင့် နို့နှင့် နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် မေလတွင် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း တတိယမြောက်လအဖြစ် အနည်းငယ် ဆက်လက်မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၇-၆-၂၀၂၄ ရက်စွဲဖြင့် ယင်း၏ လစဉ် FAO စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းဈေးနှုန်းကို ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ ထုတ်ပြန်ချက်တွင် အောက်ပါအချက်များ အဓိက ဖော်ပြပါရှိပါသည် -

- FAO စားနပ်ရိက္ခာ ဈေးနှုန်းညွှန်းကိန်းသည် ယခင်လထက် ၀.၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး မေလတွင် ပျမ်းမျှ ၁၂၀.၄ မှတ် ရှိခဲ့ကြောင်း၊ အဆိုပါညွှန်းကိန်းသည် ယခင်နှစ် အလားတူကာလအောက် ၃.၄ ရာခိုင်နှုန်းနှင့် ညွှန်းကိန်းအမြင့်ဆုံးဖြစ်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ မတ်လရှိ ညွှန်းကိန်းအောက် ၂၄.၉ ရာခိုင်နှုန်း နိမ့်ကျနေသေးကြောင်း၊
- FAO နံ့စားသီးနှံ ဈေးနှုန်းညွှန်းကိန်းသည် မြောက်အမေရိက၊ ဥရောပနှင့် ပင်လယ်နက်ဒေသ အစိတ်အပိုင်းများအပါအဝင် အဓိက သီးနှံတင်ပို့သည့် ဒေသများတွင် ၂၀၂၄ ခုနှစ်၊ သီးနှံရိတ်သိမ်းမှုကာလအတွင်း သီးနှံအထွက်နှုန်း လျော့ကျမှုအပေါ် စိုးရိမ်မှုမြင့်တက်

Agribusiness & Trade

လျက်ရှိခြင်းကြောင့် ကမ္ဘာ့ဂျုံပို့ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ကာ ယခင်လမှ ၆.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊

- အာဂျင်တီးနားနိုင်ငံ၌ ပြောင်းသီးနှံများတွင် Spiroplasma ရောဂါ ကျရောက်မှုနှင့် ဘရာဇီးလ်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပြောင်းပို့ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ မေလတွင် FAO ဆန်အားလုံး၏ ဈေးနှုန်းညွှန်းကိန်းသည်လည်း ၁.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊

- အလားတူ FAO နို့နှင့် နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းညွှန်းကိန်းသည် ယခင်လထက် ၁.၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ လက်လီနှင့် အစားအသောက်ဝန်ဆောင်မှုကဏ္ဍများမှ ဝယ်လိုအား မြင့်တက်မှုနှင့်အတူ အနောက်ဥရောပတွင် နို့ထုတ်လုပ်မှု စံချိန်တင် ကျဆင်းခဲ့မှုနှင့် Near East နှင့် မြောက်အာဖရိကရှိ နိုင်ငံအချို့မှ နို့တင်ပို့မှု စတင်ခဲ့ခြင်းတို့နှင့် ဆက်စပ်နေကြောင်း၊

- FAO ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းညွှန်းကိန်းသည် ဇီဝလောင်စာကဏ္ဍမှ ဝယ်လိုအား မြင့်တက်မှုကြောင့် ပဲပိစပ်ဆီဈေးနှုန်း မြင့်တက်မှုကို ခုနိုပ်လျက် ရာသီပေါ် ဆီထွက်သီးနှံများဖြစ်ထွန်းမှု တိုးတက်ခဲ့ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား ဆက်လက်နွေးကွေးလျက်ရှိခြင်းတို့ကြောင့် ယခင် ဧပြီလမှ ၂.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊

- FAO သကြားဈေးနှုန်းညွှန်းကိန်းသည် အဓိကအားဖြင့် ဘရာဇီးလ်နိုင်ငံတွင် ရာသီပေါ် ကြံသီးနှံများဖြစ်ထွန်းမှု ကျဆင်းခဲ့မှုနှင့်အတူ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ကျဆင်းခဲ့မှုက ကြံဈေးနှုန်းအပေါ် သက်ရောက်မှုကြောင့် ဧပြီလမှ ၂.၄ ရာခိုင်နှုန်း ဆက်လက်ကျဆင်းခဲ့ကြောင်း၊

- နိုင်ငံတကာဈေးကွက်တွင် ဝက်နှင့် အမဲသား ဈေးနှုန်းများ မြင့်တက်နေစဉ်တွင် ကြက်/ဘဲ နှင့် သိုးသားဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် FAO အသားဈေးနှုန်းညွှန်းကိန်းသည် မေလတွင် ၀.၂ ရာခိုင်နှုန်းဖြင့် အနည်းငယ်သာ ကျဆင်းခဲ့ကြောင်း။

၃။ သိသာနိုင်ပါရန် မေလတွင် FAO စားနပ်ရိက္ခာဈေးနှုန်း ညွှန်းကိန်းထုတ်ပြန်ခဲ့မှုကို ဤစာနှင့်အတူ တင်ပြအပ်ပါသည်။

မြန်မာသံရုံး

ရောမမြို့

…………………………………………………………………………………………

Agribusiness & Trade

# ရုရှား၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၄ လတာကာလအတွင်း ၁၈.၈ ရာခိုင်နှုန်းအထိ တိုးတက်

၂၀၂၄ ခုနှစ် ဇန်နဝါရီမှ ဧပြီလအထိ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၁၈.၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၀.၅ ဘီလီယံ ရှိကြောင်း ရုရှားဖက်ဒရယ်အကောက်ခွန်ဝန်ဆောင်မှုဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါကာလအတွင်းတွင် ရုရှားနိုင်ငံ၏ ပြည်ပသို့ တင်ပို့မှုမှာ ၁၃၅.၁ ဘီလီယံ (ယခင်နှစ်ကာလတူထက် ၀.၃ ရာခိုင်နှုန်း လျော့ကျ)ရှိပြီး တင်သွင်းမှုမှာ ၈၄.၆ ဘီလီယံ (ယခင်နှစ်ကာလတူထက် ၉ ရာခိုင်နှုန်း လျော့ကျ)ရှိခဲ့သည်။

ရုရှားနိုင်ငံမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံရှိကာ ၄၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၂၂.၂ ဘီလီယံအထိရှိကာ ၁၉.၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တစ်ချိန်တည်းတွင် ရုရှားနိုင်ငံမှ အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၁၀၁.၄ ဘီလီယံအထိရှိကာ ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၅၆.၆ ဘီလီယံထိ ရှိကာ ၃ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။

ရုရှားနိုင်ငံမှ အာဖရိကနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၇.၈ ဘီလီယံရှိကာ ၃၂ ရာခိုင်နှုန်း တိုးလာခဲ့ပြီး တင်သွင်းမှုသည် ၁.၁ ဘီလီယံထိရှိကာ ၄.၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။ မြောက်နှင့်တောင်အမေရိကနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၄.၈ ဘီလီယံရှိကာ ၃၉.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၄.၅ ဘီလီယံထိ ရှိကာ ၁၈.၉ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။

အစီရင်ခံသည့်ကာလအတွင်းတွင် ရုရှား၏ အဓိကပို့ကုန်မှာ လောင်စာဆီနှင့် စွမ်းအင်ကဏ္ဍထုတ်ကုန်၊ သတ္တုနှင့် သတ္တုထုတ်ကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ပြီး အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်၊ ဓာတုစက်မှုထုတ်ကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ ဖြစ်ပါသည်။

ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုအချက်အလက်များအရ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသိသာသာကျဆင်းသွားခဲ့ပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှု ပမာဏသည် မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသဖြင့် အနာဂတ်တွင်လည်း အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/21061785

## တရုတ်မော်တော်ကားများသည် ကမ္ဘာ့ဝယ်လိုအားကို ဖြည့်ဆည်းရန် ကြိုးပမ်းနေကြ

ကုန်ကျစရိတ်သက်သာမှု၊ ပိုမိုကောင်းမွန်သော အရည်အသွေးနှင့် ရောင်းချပြီးနောက် ထိရောက်သောဝန်ဆောင်မှုများကြောင့် တရုတ်စွမ်းအင်သစ်သုံးကားများသည် နိုင်ငံအများအပြား အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုကြီးမားသောဈေးကွက်ဝေစုကို ဆက်တိုက်ရရှိခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပမှဖောက်သည်များသည် ၎င်းတို့၏လိုအပ်ချက်များကို အလျင်အမြန်တုံ့ပြန်စေလိုပြီး ထောက်ပံ့ရေးကွင်းဆက်နှင့်ပတ်သက်၍စိုးရိမ်မှုများရှိသောကြောင့် မကြာသေးမီက တရုတ် NEVs နှင့် မော်တော်ယာဥ်အစိတ်အပိုင်းထုတ်လုပ်သူများသည် ၎င်းတို့၏ထုတ်လုပ်မှုဆိုင်ရာ အဆောက်အဦများကို ပြည်ပ၌ ရင်းနှီးမြှုပ်နှံလာကြပြီး ဥရောပအလယ်ပိုင်းနှင့် မက္ကဆီကိုတို့သည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် အဓိကနေရာများ ဖြစ်လာကြကြောင်း သိရှိရပါသည်။

အချို့သော အနောက်နိုင်ငံများရှိ နိုင်ငံရေးသမားများနှင့် မီဒီယာများက တရုတ်နိုင်ငံသည် အလွန်အကျွံထုတ်လုပ်နေပြီး ပိုလျှံနေသောကုန်ပစ္စည်းများကို ပြည်ပတွင် ဈေးနှုန်းချိုသာစွာ ရောင်းချနေသည်ဟု ပြောဆိုကြသော်လည်း ကျွမ်းကျင်သူများနှင့် စီးပွားရေး အမှုဆောင်အရာရှိများကမူ အဆိုပါအယူအဆသည် အခြေအမြစ်မရှိဟု ပြောကြားခဲ့ပြီး တရုတ် EV များနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်သူများ၏ ပြည်ပတွင် အခြေချလာမှုသည် ကမ္ဘာ့အဝန်း၌ ပတ်ဝန်းကျင် ထိခိုက်မှုမရှိသော စွမ်းအင်အသွင်ကူးပြောင်းမှုကို အထောက်အကူဖြစ်စေပြီး ကုန်ကျစရိတ်များကို လျှော့ချနိုင်သဖြင့် သုံးစွဲသူများအား အကျိုးရှိစေရုံသာမက ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်သူများအတွက် ကြီးမားသော အခွင့်အလမ်းများကိုပါ ပေးဆောင်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပမီဒီယာအချို့သည် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်တိုးတက်မှုကို အလွန်အကျွံထုတ်လုပ်ခြင်းအဖြစ် သတ်မှတ်ကာ စုပုံတင်သွင်းခြင်းဟု ပြောဆိုနေကြကြောင်း၊ တရုတ်အမှတ်တံဆိပ်တပ်ထားသော မော်တော်ယာဉ်များ၏ ပို့ကုန်စွမ်းဆောင်ရည်မှာ ထုတ်ကုန်အရည်အသွေးတိုးတက်လာမှု၊ နည်းပညာအဆင့်မြှင့်တင်မှုနှင့် ပိုမိုကောင်းမွန်သော လုပ်ငန်းဝန်ဆောင်မှုများကြောင့်ဟု တရုတ်မော်တော်ယာဉ်ထုတ်လုပ်သူများအသင်း၏ လက်ထောက်အထွေထွေအတွင်းရေးမှူး Fu Bingfeng က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ပထမနှစ်လအတွင်း ကားအစီးရေ (၈၃၁,၀၀၀)ခန့် တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၂၁.၉) ရာခိုင်နှုန်း တိုးလာကြောင်းနှင့် ယင်းတို့အနက် (၂၈၅,၀၀၀) သည် NEVs များဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် (၁၁.၁)ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု အသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်းသည် လက်ရှိတွင် အကူးအပြောင်းကာလ (သမားရိုးကျ လောင်စာဆီမှ စွမ်းအင်သစ်သို့) တစ်ခုဖြစ်ကြောင်း၊ ယင်းအကူးအပြောင်းကာလအတွင်း ဈေးကွက်ဝယ်လိုအားထက် ရင်းနှီးမြှုပ်နှံမှုသည် မော်တော်ယာဉ်လုပ်ငန်းစုအတွက် ပုံမှန်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတစ်ခုဖြစ်ကြောင်း၊ လောင်စာဆီသုံးယာဉ်များကို NEVs များဖြင့် တဖြည်းဖြည်း အစားထိုးသွားမည်ဖြစ်၍ ကုမ္ပဏီများသည် လက်ရှိစက်ရုံများကို ပြန်လည်ပြုပြင်ပြီး NEVs များ ထုတ်လုပ်သည့်ပုံစံကို ကူးပြောင်းသွားမည်ဖြစ်သောကြောင့် ထုတ်လုပ်မှုစွမ်းရည်ကို ချိန်ညှိရန် အချိန်လိုအပ်သည်ဟု Fu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://www.chinadaily.com.cn/a/202405/31/WS66592ab7a31082fc043ca2d0.html

………………………………………………………………………………………………………...

## အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းခရီးသွားလုပ်ငန်းများအတွက် တရုတ်ဈေးကွက်ကို မျက်စိကျနေ

တရုတ်ခရီးသွားများ အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်လည်ပတ်မှုများ တိုးလာရန် မျှော်လင့်ကြောင်း အင်ဒိုနီးရှားခရီးသွားဝန်ကြီးက ရှန်ဟိုင်း၌ ကျင်းပခဲ့သော ပရိုမိုးရှင်းပွဲတစ်ခုအတွင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ခရီးသွားလာရေးနှင့် တီထွင်ဖန်တီးမှုစီးပွားရေးဝန်ကြီးဌာန (Ministry of Tourism and Creative Economy-MTCE) သည် တရုတ်ဈေးကွက်ကို အာရုံစိုက်လျက်ရှိပြီး အရောင်းမြှင့်တင်ရေးလှုပ်ရှားမှုများကို စတင်ခဲ့ကြောင်း သိရှိရပါသည်။

ယခုအရောင်းမြှင့်တင်ရေးလှုပ်ရှားမှုသည် အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းများကို မြှင့်တင်ပေးပြီး အင်ဒိုနီးရှားကို နိုင်ငံခြားခရီးသွားများအတွက် အနှစ်သက်ဆုံး အားလပ်ရက်နေရာဖြစ်လာရန် ကူညီပေးမည်ဟု မျှော်လင့်ကြောင်း အင်ဒိုနီးရှားခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုဆိုင်ရာ စီးပွားရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ခရီးသွားများသည် အင်ဒိုနီးရှားတွင် ပျမ်းမျှ (၈)ရက်မှ (၁၁)ရက်ခန့် တည်းခိုရန် စာရင်းသွင်းထားကာ တစ်ဦးချင်း ပျမ်းမျှသုံးစွဲမှုသည် အမေရိကန်ဒေါ်လာ (၁,၃၈၆.၅၅)ရှိသည်ဟု ဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

MTCE သည် ယခုနှစ်အတွက် အင်ဒိုနီးရှားသို့ လာရောက်မည့် တရုတ်ခရီးသွား (၁)သန်းမှ (၁.၅)သန်းအထိ ရည်မှန်းထားပြီး တရုတ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်လာခြင်း

သည် တရုတ်နိုင်ငံကို အင်ဒိုနီးရှား၏ ခရီးသွားလာရေးဆိုင်ရာ အဓိကဈေးကွက်တစ်ခုအဖြစ် သတ်မှတ်ရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ စာရင်းအင်းအချက်အလက်များအရ ယခုနှစ် ပထမသုံးလအတွင်း အင်ဒိုနီးရှားသို့ တရုတ်ခရီးသွား (၂၈၆,၃၇၅)ဦး ရောက်ရှိခဲ့ကြောင်းလည်း သိရှိရပါသည်။

စီးပွားရေးတိုးတက်လာသည်နှင့်အမျှ တရုတ်လူမျိုးများသည် အားလပ်ရက်များအတွင်း ပြည်တွင်းနှင့် ပြည်ပခရီးသွားနေရာများကို သွားရောက်လည်ပတ်ခြင်းများကို ပိုမိုနှစ်သက်လာကြရာ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒို နီးရှားစသည့် အာဆီယံနိုင်ငံများသည် တရုတ်ခရီးသွားဧည့်သည်များကို အလေးထားဆွဲဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် ၂၀၂၄ ခုနှစ်သည် the 2024 ASEAN-China Year of People-to-People Exchanges အဖြစ် သတ်မှတ်ထားပြီး တရုတ်နှင့်အာဆီယံနိုင်ငံများရှိ ပြည်သူအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည့်ကဏ္ဍများအနက် ခရီးသွားလုပ်ငန်းသည်လည်းတစ်ခု အပါအဝင်ဖြစ်ရာ မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးကိုလည်း ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ကောခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20240604/ee8e44c77f4143daa63e2dc1e95e793f/c.html

## ကုန်စည်တင် လျှပ်စစ်သုံးယာဉ်ကြီးများအတွက် ရည်ရွယ်သည့် ဘက်ထရီလဲလှယ်ခြင်း၊ ရွှေ့လျား အားသွင်းခြင်းများအတွက် စမ်းသပ်မှုများစတင်ဆောင်ရွက်မည့် စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံသည် ကုန်စည်တင်လျှပ်စစ်သုံးယာဉ်ကြီးများအတွက် ၂၀၂၄ ခုနှစ်၊ ဒုတိယ နှစ်ဝက်တွင် ဘက်ထရီအားသွင်းခြင်း၊ ဘက်ထရီလဲလှယ်ခြင်းနှင့် ရွှေ့လျားအားသွင်းခြင်း စနစ်များအတွက် စမ်းသပ်ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (Land Transport Authority - LTA) က ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

စမ်းသပ်မှုဆောင်ရွက်မှု ၄ ခုကို ၄ နှစ်တာ ဆောင်ရွက်မည်ဖြစ်ပါသည်။ PSA Corporation က ဘက်ထရီအားသွင်းခြင်းနှင့် ဘက်ထရီလဲလှယ်စင်တာတစ်ခုကို Pasir Panjang ဆိပ်ကမ်းတွင် ဆောင်ရွက်မည်ဖြစ်ပြီး လျှပ်စစ် prime mover ၆ ခုနှင့် ဆိပ်ကမ်းနှစ်ခုအကြား ကုန်းလမ်းဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း ၂ ခုတို့ကို ဝန်ဆောင်မှုပေးမည် ဖြစ်ပါသည်။ Strides Fronti-

ers Pte Ltd နှင့် Ecoswift Pte Ltd တို့ပူးပေါင်းထားသည့် ဖက်စပ်လုပ်ငန်းက ဘက်ထရီအားသွင်းခြင်းနှင့် ဘက်ထရီလဲလှယ်စင်တာ ၁ ခုကို Tuas တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်း လုပ်ငန်းက ပြည်တွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှင့်ပူးပေါင်း၍ ကုန်စည်တင်လျှပ်စစ်သုံးယာဉ်ကြီးများအတွက် ဘက်ထရီလဲလှယ်သည့် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ် ၁၀ စီးအထိ ဝန်ဆောင်မှု ပေးနိုင်မည် ဖြစ်ပါသည်။

Power-Up Tech Pte Ltd က အားသွင်းစက် ၁ ခုစီပါဝင်သည့် ရွေ့လျားအားသွင်းစက်ကိရိယာ ၁၀ စုံဖြင့် ဗန်ကားများ၊ ကုန်တင်ယာဉ်များ၊ ဘတ်စ်ကားများအပါအဝင် လျှပ်စစ်ယာဉ်များကို အားသွင်းသည့် ဝန်ဆောင်မှုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Beecharge Innovation Group Pte Ltd က ရွေ့လျားအားသွင်းကိရိယာအစုံ ၈ ခုဖြင့် လျှပ်စစ်ယာဉ် ထုတ်လုပ်သူများနှင့် စီးပွားဖြစ်ရေယာဉ်လုပ်ငန်းရှင်များကို ဝန်ဆောင်မှုပေးမည်ဖြစ်ပါသည်။

Power-Up Tech Pte Ltd ၏ CEO ဖြစ်သူ Michael Chin က "ကုန်စည်တင် လျှပ်စစ်သုံးယာဉ်ကြီးများသည် အလွန်ကြီးမားပြီး အားသွင်းချိန်ကြာမြင့်သည့် ဘက်ထရီကြီးများ လိုအပ်ကြောင်း၊ ၎င်းယာဉ်များအတွက် ရွေ့လျားအားသွင်းစနစ်သည် ကုမ္ပဏီများအတွက် အချိန်ကုန် သက်သာစေမည်ဖြစ်ပြီး အားသွင်းသည့်နေရာများ လုံလောက်မှုမရှိခြင်း၊ အားသွင်းရန် အခြေခံအဆောက်အအုံ မပြည့်စုံခြင်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ဝါရင့်ဒုတိယဝန်ကြီး Dr. Amy Khor က "အဆိုပါစမ်းသပ်ဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် နည်းပညာပိုင်းဆိုင်ရာ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာနှင့် ဘေးကင်းရေးလိုအပ်ချက်များကို သိရှိနားလည်စေမည်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံတွင် လျှပ်စစ်ယာဉ်အားသွင်းသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာစေရန် Technical Reference 25 ကို ပြန်လည်သုံးသပ်ရာတွင်လည်း ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ကြောင်း" လူမှုကွန်ယက်စာမျက်နှာတွင် ပြောကြားခဲ့ပါသည်။ Technical Reference 25 (TR25) သည် ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သည့် စင်ကာပူနိုင်ငံ၏ အမျိုးသားအဆင့် လျှပ်စစ်ယာဉ် အားသွင်းသည့် စံသတ်မှတ်ချက် ဖြစ်ပါသည်။ အားသွင်းနည်းပညာအားလုံးသည် စီးပွားဖြစ်စတင်ဆောင်ရွက်ခြင်းမပြုမီ TR 25 တွင် အတည်ပြုရန် လိုအပ်မည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံသည် လောင်စာမှ စွမ်းအင်အသုံးပြုမှုကို လျှော့ချရန်၊ လောင်စာဆီ ရှားပါးမှုကို ရင်ဆိုင်နိုင်ရန် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လျှပ်စစ်ကို အစားထိုးအသုံးပြုလာပြီး လျှပ်စစ်ယာဉ်အသုံးပြုမှု တွင်ကျယ်လာရေး၊ အသုံးပြုမှု ပိုမိုအဆင်ပြေစေရေးတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ယာဉ်များအတွက် အလားတူလုပ်ငန်းအမျိုး

Agribusiness & Trade

အစားကို ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားတစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်္ကာပူ

ရင်းမြစ်။ Ministry of Transport, Singapore .The Business Times

…………………………………………………………………………………………………..

Agribusiness & Trade